## Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ဆိုသည်မှာ အဘယ်နည်း။

Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) သည် အသည်းကို တိုက်ခိုက်သည့် ဗိုင်းရပ်စ်တစ်မျိုး ဖြစ်သည်။ မကုသဘဲ နေပါက ၎င်းသည် အသည်းပျက်စီးမှုနှင့် ကင်ဆာရောဂါတို့ကို ဖြစ်စေနိုင်ပါသည်။

ကမ္ဘာအနှံ့တွင် ခန့်မှန်းခြေ လူပေါင်း 296 သန်းသည် Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ဖြင့် ရှင်သန်နေထိုင်ကြပါသည်။ သို့သော် လူအများစုက နေမကောင်းပုံမပေါက်ခြင်း သို့မဟုတ် နေမကောင်းသလိုမခံစားရခြင်းတို့ကြောင့် ကူးစက်ခံထားရမှန်း မသိကြပါ။

Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ဗိုင်းရပ်စ်သည် ကူးစက်ထားသော သွေး သို့မဟုတ် အချို့သော ကိုယ်တွင်း အရည်များမှတစ်ဆင့် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်ပါသည်။

## Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) နှင့် ကိုယ်ဝန်ဆောင်ခြင်း

သင်က ကိုယ်ဝန်ရှိနေပါက သင်၏ မိခင် ကျန်းမာရေးစောင့်ရှောက်မှု၏ တစ်စိတ်တစ်ပိုင်း အဖြစ် Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) အတွက် သွေးစစ်သင့်ပါသည်။

သင်ကူးစက်ထားပါက ကလေးမွေးနေစဉ် သင်မှတစ်ဆင့် သင်၏မွေးကင်းစကလေးဆီသို့ Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ကူးစက်နိုင်ပါသည်။

သင်က ကိုယ်ဝန်ရှိနေပြီး Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ရှိပါက သင့်ကလေးသည် ကူးစက်မှုကို ကြိုတင်ကာကွယ်ရန် မွေးဖွားမှုစပြီး ကာကွယ်ဆေးတွဲများကို ထိုးနှံနိုင်ပါသည်။



## ပိုမိုသိရှိလိုပါက

**Centers for Disease Control and Prevention (CDC, ရောဂါထိန်းချုပ်ရေးနှင့် ကြိုတင်ကာကွယ်ရေးစင်တာ)**
www.cdc.gov/hepatitis/hbv/

**HepB Moms**
www.hepbmoms.org (အင်္ဂလိပ်ဘာသာဖြင့်)

HepBHub
doh.wa.gov/hepbhub

DOH 420-406 May 2022 Burmese

ဤစာရွက်စာတမ်းကို ပုံစံနောက်တစ်မျိုးဖြင့် တောင်းဆိုရန် 1-800-525-0127 ကို ဖုန်းခေါ်ဆိုပါ။ နားမကြားသူ သို့မဟုတ် အကြားအာရုံချို့ယွင်းသူ ဖောက်သည်များအနေဖြင့် 711 (Washington Relay) ကို ခေါ်ဆိုပါ သို့မဟုတ် civil.rights@doh.wa.gov သို့ အီးမေးလ်ပို့ပါ။

ရင်းမြစ်။ CDC, Protect Your Baby for Life



# Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ)- သင်နှင့် သင့်ကလေးကို ကာကွယ်ရန် သိထားရမည့်အချက်များ

Washington State Department of Health



## Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) က ကျွန်ုပ်၏ ကလေးအတွက် အန္တရာယ်ရှိပါသလား။

ကလေးများက Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ရောဂါ ဖြစ်လာသောအခါ တစ်သက်တာ နာတာရှည် ရောဂါ ဖြစ်လာနိုင်ခြေ 90% ရှိပါသည်။

မကုသဘဲ နေပါက နာတာရှည် Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ရှိသူ ကလေး 4 ဦးလျှင် 1 သည် အသည်းပျက်စီးမှု၊ အသည်းရောဂါ သို့မဟုတ် အသည်းကင်ဆာကဲ့သို့ ပြင်းထန်သော အသည်းပြဿနာများ ခံစားရပါမည်။

ကံကောင်းစွာပင် Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ကူးစက်မှုကို အလွန်စိတ်ချရပြီး ထိရောက်သော ကာကွယ်ဆေးဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။

## သင့်ကလေးကို ကာကွယ်ပေးပြီး Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ကို ကြိုတင်တားဆီးပါ

သင့်ကလေးသည် မီးဖွားပြီးနောက် 24 နာရီအတွင်း Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ကာကွယ်ဆေး ပထမအလုံးကို ထိုးနှံရပါမည်။

သင်က Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ပိုးတွေ့ရှိသူ ဖြစ်လျှင် သင့်ကလေးသည် မွေးဖွားပြီး 12 နာရီအတွင်း Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ကိုယ်ခံအား ဂလိုဘူလင် (HBIG) ကို ရရှိရမည်။

သင့်ကလေးအား Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) မှ ကာကွယ်ရန် Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ကာကွယ်ဆေး 3 လုံးနှင့် HBIG ထိုးဆေးအားလုံး လိုအပ်ပါသည်။ သင့်ကလေး ကာကွယ်မှုရထားကြောင်း အတည်ပြုရန် 9–12 လတွင် သင့်ကလေးကို စမ်းသပ်ပါ။

| သတ်မှတ်နောက်ဆုံးရက် | Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ရှိသည့် ကိုယ်ဝန်သည်မှ မွေးဖွားလိုက်သော နို့စို့ကလေးသည် |
|---|---|
| **မွေးဖွားချိန်တွင်** | Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ကာကွယ်ဆေး မွေးဖွားချိန်ထိုးဆေးနှင့် Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ကိုယ်ခံအား ဂလိုဘူလင် (HBIG) |
| **1–2 လ** | Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ကာကွယ်ဆေး၏ ဒုတိယအကြိမ် ထိုးဆေး |
| **6 လ** | Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ကာကွယ်ဆေး၏ တတိယအကြိမ် ထိုးဆေး |
| **9–12 လ** | သင့်ကလေး ကာကွယ်မှုရှိပြီးကြောင်း အတည်ပြုရန် စမ်းသပ်စစ္ေဆးပါ |

ဤသည်မှာ သင့်ကလေးကို ကာကွယ်ရန် အခြားနည်းလမ်းများ ဖြစ်ပါသည်-

- သင့်တွင် Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ရှိပါကလည်း ဆက်လက်ပြီး နို့တိုက်ကျွေးနိုင်ပါသည်။ အက်ကွဲပြီး သွေးထွက်သော နို့သီးခေါင်းများ ဖြစ်လာပါက သင့်ဆရာဝန်နှင့် တိုင်ပင်ပါ၊ သင်နို့တိုက်နေစဉ် သင့်ကို ကူညီပေးနိုင်သည့် နည်းလမ်းများ ရှိပါသည်။
- သင်၏ Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ကာကွယ်ဆေး မှတ်တမ်းကို သိမ်းထားပြီး သင်၏ ဆေးဘက်ဆိုင်ရာ ပြသမှုများသို့ ယူလာပါ။
- သင့်မိသားစုဝင်များကို Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) အတွက် စမ်းသပ်မှုခံယူပြီး ကာကွယ်ဆေးထိုးနှံပါ။

## သင့်တွင် Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) မရှိပါကလည်း

သင့်ကိုယ်သင်နှင့် သင့်ကလေးကို ဘေးကင်းထိရောက်သော ကာကွယ်ဆေးဖြင့် ကာကွယ်ပေးနိုင်ပါသည်။ ဆေးတွဲအားလုံးကို ပြီးအောင်ထိုးပေးပါ။

| သတ်မှတ်နောက်ဆုံးရက် | နို့စို့အရွယ်ကလေး ထိုးရန် |
|---|---|
| **မွေးဖွားချိန်တွင်** | Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ကာကွယ်ဆေး၏ မွေးဖွားချိန် ထိုးဆေး |
| **1–2 လ** | Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ကာကွယ်ဆေး၏ ဒုတိယအကြိမ် ထိုးဆေး |
| **6 လ** | Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ကာကွယ်ဆေး၏ တတိယအကြိမ် ထိုးဆေး |

## သင့်တွင် Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ရှိပါက သင့်ကိုယ်သင်လည်း ဂရုစိုက်ပါ

သင်၏ အသည်းကျန်းမာရေးကို စစ်ဆေးရန်နှင့် ကုသမှု လိုအပ်၊ မလိုအပ်ကို သိနိုင်ရန် နောက်ထပ် စမ်းသပ်မှုများ လိုအပ်နိုင်ပါသည်။

ဗိုင်းရပ်စ်ကာကွယ်ဆေးများဟုခေါ်သည့် ဆေးဝါးများက Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ရှိသည့် လူများစွာကို ကုသပေးနိုင်ပါသည်။ သို့သော် လူတိုင်းကတော့ ကုသမှု မလိုအပ်ပါ။

ဆေးဝါးအချို့က အသည်းကို ထိခိုက်နိုင်ခြေ အလားအလာရှိသောကြောင့် ဆေးစာဖြင့်ဝယ်ရသော ဆေးဝါး၊ ကောင်တာမှအလွယ်ဝယ်နိုင်သော ဆေးဝါးများ၊ ဖြည့်စွက်စာများ သို့မဟုတ် ဗီတာမင်များကို မသောက်သုံးခင် ဆရာဝန်ကို မေးမြန်းပါ။

Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ကာကွယ်ဆေးမှလည်း အကျိုးခံစားရနိုင်ပါသည်။ သင့်ကူးစက်မှုကို စောင့်ကြည့်ရန် ကလေးမွေးပြီးနောက် ဆရာဝန်နှင့် ဆက်လက်ပြသပေးပါ။